**မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခြေရာခံစီမံကိန်း**
**ဟိုင်နီကန်မှ တုန့်ပြန်ဖြေကြားမှု**

**လုပ်ငန်းအမျိုးအစား ။ ။ အစားအစာနှင့်အချိုယမကာလုပ်ငန်း**
**ဌာနချုပ်အခြေစိုက် ။ ။ နယ်သာလန်**

၁။ မြန်မာနိုင်ငံတွင် သင့်ကုမ္ပဏီအနေဖြင့် ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှုများ (သို့မဟုတ်) ထိုသို့လုပ်ဆောင်ရန် လေးလေးနက်နက်စဉ်းစားနေသပါလား။ အကယ်၍ မြန်မာနိုင်ငံအတွင်း ထိုသို့လုပ်ဆောင်ရန်စဉ်းစားနေသည်ဆိုလျှင် အဆိုပါရင်းနှီးမြှုပ်နှံမှုများ၏ သဘောသဘာဝ၊ မည်သည့်ပထဝီနေရာဒေသနှင့် မည်သည့်လူမှုအဝန်းအဝိုင်းတို့အား အကျိုးသက်ရောက်မှုရှိစေမည်ဆိုသည်ကို ဖော်ပြပေးပါ။

ကျွနုပ်တို့အနေဖြင့် ရန်ကုန်မြို့အနီး မှော်ဘီဘက်တွင် အချိုရည်စက်ရုံတစ်ရုံဆောက်လုပ်နေပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံငွေပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၆၀ ခန့်ရှိပါသည်။ ကျွန်ုပ်တို့၏စီမံချက်မှတဆင့် တိုက်ရိုက်အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၀၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး တဆင့်ခံအလုပ်အကိုင်အခွင့်အလမ်းများအဖြစ် စိုက်ပျိုးရေး၊ ဖြန့်ဖြူးရေးနှင့် လက်လီရောင်းချသူတို့အတွက်များစွာအကျိုးပြုနိုင်လိမ့်မည်။

၂။ သင့်အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်လူမှုရေးဆိုင်ရာ ပဋိပက္ခများဖြစ်ပွားမှုမှ အကာအကွယ်အထောက်အပံ့ဖြစ်စေမည့်စီမံချက်များ၊လုပ်ငန်းမူဝါဒများထားရှိပါသလား။ အဆိုပါမူဝါဒများနှင့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမည့်သင့်ကုမ္ပဏီအတွက် မည်သို့အကျိုးသက်ရောက်မှုရှိမည်ဆိုသည်ကို ဖော်ပြပေးပါ။ အကယ်၍သင့်ကုမ္ပဏီတွင် လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်နှင့်မူဝါဒများထားရှိပါက ၎င်းတို့အား အင်တာနက်စာမျက်နှာများတွင် ဖြန့်ဝေထားနိုင်ပါသလား။

ကျွနုပ်တို့တွင် ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးနှင့်ဝန်ထမ်းရေးရာမူဝါဒတစ်ရပ်ထားရှိသည်။ အဆိုပါစီမံချက်အား ၂၀၁၅ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံ၌စတင်သွားမည်ဖြစ်သည်။ အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဝန်ထမ်းသစ်များအား စီးပွားရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုနှင့် သင်တန်းများပို့ချသွားပြီး (မြန်မာဘာသာဖြင့်ရရှိနိုင်) အဖွဲ့အစည်း၏ဌာနတိုင်းရှိဝန်ထမ်းများအား ဝန်ထမ်းလက်စွဲစာအုပ်များ ပေးဝေသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းလက်စွဲလမ်းညွှန်နှင့် လူ့အခွင့်အရေးဆိုင်ရာမူဝါဒများအားဤလင့်ခ်တွင်ဝင်ရောက်လေ့လာနိုင်သည်။
(http://www.theheinekencompany.com/sustainability/governance/our-policies.)
ကျွနုပ်တို့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းကျင့်ဝတ်အားလုံးကိုမူ အောက်ပါလင့်ခ်တွင်ဖော်ပြထားသည်။
(http://www.theheinekencompany.com/about-us/business-conduct.) နိုင်ငံအတွင်း၌မူ

မြန်မာနိုင်ငံအခြေစိုက် ILO အဖွဲ့နှင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံ၏ ငွေကြေးပံ့ပိုးမှုဖြင့် ဆောင်ရွက်လျှက်ရှိသည့် NGO တစ်ခုဖြစ်သော Myanmar Centre for Responsible Business တို့နှင့် ချိတ်ဆက် ဆောင်ရွက်မှုများရှိသည်။

၃။ သင့်အဖွဲ့အစည်း၌ မေးခွန်းနံပတ် ၂ တွင်ဖြေကြားခဲ့ စည်းမျဉ်းစည်းကမ်းများနှင့်မူဝါဒများအား လိုက်နာဆောင်ရွက်မှုရှိမရှိကို မည်သူကတာဝန်ယူခေါင်းဆောင်မှုပေးရပါသလဲ။

ကျွန်ုပ်တို့အဖွဲ့အစည်း၏ ဒေသအတွင်းရှိ ဦးဆောင်ညွှန်ကြားရေးမှူး (Managing Director) မှ တာဝန်ယူဆောင်ရွက်ပါသည်။ အဆိုပါအစီအမံများအား ပုံမှန်ဆောင်ရွက်လျှက်ရှိသည့် Control Self-Assessment စာရင်းစစ်နှင့်အဖွဲ့အစည်းတွင်းရှိ နှစ်စဉ်စာရင်းစစ်များဖြင့် တာဝန်ယူဆောင်ရွက်လျှက်ရှိသည်။ အဆိုပါစာရင်းစစ်နှစ်ဦးလုံးသည် ဒေသလုံးဆိုင်ရာအဖွဲ့ရုံးမှ စီမံခန့်ခွဲထားခြင်းဖြစ်ပြီး၊ ၎င်းတို့၏ ရှာဖွေတွေ့ရှိချက်များကို ကမ္ဘာလုံးဆိုင်ရာအဖွဲ့သို့ပြန်လည်အစီရင်ခံရသည်။

၄။ အကယ်၍ သင်၏အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းစဉ်များ မရှိသေးပါက၊ အဆိုပါလိုအပ်ချက်တို့အား ပြင်ဆင်ထားရှိရန် အစီအစဉ်ရှိပါသလား။ အကယ်၍ရှိလျှင် မည်သို့သော အစီအမံဆောင်ရွက်မှုများလုပ်ဆောင်နေပါသလဲ။

ဖြေကြားရန်မလိုအပ်ပါ။

၅။ သင်၏အဖွဲ့အစည်းအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအပါအဝင် လူမျိုးရေးနှင့်လူမှုရေးဆိုင်ရာ အကြမ်းဖက်မှုများ အစရှိသည့် ပဋိပက္ခများအား မည်ကဲ့သို့ကာကွယ် (သို့မဟုတ်) လျှော့နည်းစေရန် ကိုင်တွယ်ဖြေရှင်းပါသလဲ။ အဆိုပါအခြေအနေမျိုးအတွက်ထားရှိသည့် အဖွဲ့အစည်းဆိုင်ရာမူဝါဒများနှင့်လုပ်ငန်းအစဉ်များ၊လူထုနှင့်ထိတွေ့ဆက်ဆံလျှက်အကျိုးရလဒ်များခွဲဝေခြင်းတို့နှင့် သက်ဆိုင်သည့် ဆွေးနွေးအဖြေရှာသည့် လုပ်ငန်းစဉ်များအားဖော်ပြပေးပါ။

ကျွန်ုပ်တို့အနေဖြင့် မိမိတို့စက်ရုံပတ်ဝန်းကျင်ရှိ လူမှုအဝန်းအဝိုင်းများသို့ မကြာခဏသွားရောက်လည်ပတ်ကာ ၎င်းတို့၏ခံစားမှုနှင့်လိုအပ်ချက်တို့အားနားလည်နိုင်ရန် ကြိုးစားပါသည်။

၆။ သင်၏စီးပွားရေးရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းများဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း မေးမြန်းသိရှိလိုသည်များရှိလျှင် မည်ကဲ့သို့ဆက်သွယ်နိုင်ပါသလဲ။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီးဆက်သွယ်လိုလျှင် အစိုးရရေးရာနှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မန်နေဂျာဖြစ်သည့် ဇီတာ ရှယ်လီကန် (Zita Schellekens); zita.schellekens@heineken.com အား တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

ကျွန်ုပ်တို့တွင် ထင်မြင်သုံးသပ်ချက်များအား ဖွင့်ဟပြောဆိုခွင့်ရှိသည့်မူဂါဒတစ်ရပ်ထားရှိပြီး၊ မိမိတို့၏ ဂန်ထမ်းများအတွက်သာမဟုတ်ပဲ မိမိတို့လုပ်ငန်းနှင့်ဆက်နွယ်နေသည့် မည်သူမဆိုအတွက် ရည်ရွယ်ထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့အစည်းပြင်ပမှ တာဝန်ယူလုပ်ဆောင်သော ဖွင့်ဟပြောဆိုသည့် စနစ်ဂန်ဆောင်မှုကို : http://speakup.heineken.com တွင် တွေ့နိုင်ပါသည်။

အဆိုပါဂက်ဘ်ဆိုက်အနေဖြင့် အစီရင်ခံမှုများအား တိုက်ရိုက်မှတ်တမ်းတင်ပြုစုထားနိုင်မည့် အခွင့်အလမ်းများ ပေးသည်သာမက၊ ကျွန်ုပ်တို့၏ အရေးပေါ်ဆက်သွယ်မည့် ဖုန်းနံပတ်များသို့ တိုက်ရိုက်ခေါ်ဆိုနိုင်ပြီး ကျွန်ုပ်တို့၏ ဖွင့်ဟပြောဆိုသည့် မူဂါဒနှင့်စပ်လျဉ်းသည့် အကြောင်းအရာများ အသေးစိတ်ကိုလည်း မေးမြန်းလေ့လာနိုင်သည်။

၇။ သင့်စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့်မေးခွန်းများအတွက် ဆက်လက်ပြီးဖိတ်ခေါ်လိုပါသည်။ အောက်ပါကဏ္ဍအသီးသီးအား ဖြေရှင်းရန်အတွက် သင့်အဖွဲ့အစည်းအတွင်း မူဂါဒနှင့်လုပ်ငန်းစဉ်များ ရှိပါသလား။ ရှိလျှင် အသေးစိတ်ဖော်ပြပေးပါ။

(က) လွတ်လပ်စွာစုဂေးခွင့်နှင့် စုပေါင်းတောင်းဆိုမှုများပြုလုပ်နိုင်ခွင့်
(ခ) ပုံမှန်လူနေမှုအဆင့်အတန်းနှင့် လျော်ညီသောလုပ်ခလစာ
(ဂ) လုပ်ငန်းခွင်လုံခြုံမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှု
(ဃ) ကလေးသူငယ်အလုပ်ခိုင်းစေမှု
(င) အတင်းအဓမ္မအလုပ်ခိုင်းစေမှု
(စ) ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး (ကျား-မ၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသား စသည်ဖြင့်)
(ဆ) သဘာဂပတ်ဂန်းကျင်ဆိုင်ရာ
(ဇ) မြေယာအခွင့်အရေး
(ဈ) ပြန်လည်နေရာချထားရေး

အထက်ပါကဏ္ဍများနှင့်စပ်လျဉ်းသည့် မူဂါဒအသေးစိတ်အား လေ့လာလိုလျှင် ဤဂပ်ဆိုက်သို့ဂင်ရောက်လေ့လာပါ။ http://www.theheinekencompany.com/sustainability/governance/our-policies

(က) လွတ်လပ်စွာစုဂေးခွင့်နှင့် စုပေါင်းတောင်းဆိုမှုများပြုလုပ်နိုင်ခွင့်

- ဂန်ထမ်းများနှင့်လူ့အခွင့်အရေးမူဂါဒ-လွတ်လပ်စွာစုဂေးခွင့်နှင့်စုပေါင်းတောင်းဆိုမှုများပြုလုပ်နိုင်ခွင့် ခေါင်းစဉ်ပါစာပုဒ်
- ထုတ်လုပ်ပံ့ပိုးသူများ၏လုပ်ငန်းကျင့်ဂတ်

(ခ) ပုံမှန်လူနေမှုအဆင့်အတန်းနှင့် လျော်ညီသောလုပ်ခလစာ

- ဂန်ထမ်းများနှင့်လူ့အခွင့်အရေးမူဂါဒ- အခကြေးငွေခေါင်းစဉ်ပါ စာပိုဒ်

(ဂ) လုပ်ငန်းခွင်လုံခြုံမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှု

- ဂန်ထမ်းများနှင့်လူ့အခွင့်အရေးမူဂါဒ- ကျန်းမာရေးနှင့်လုံခြုံရေးစာပိုဒ်
- ကမ္ဘာလုံးချီ အလုပ်အကိုင်ဆိုင်ရာ ကျန်းမာရေးနှင့်လုံခြုံရေးမူဂါဒ
- ထုတ်လုပ်ပံ့ပိုးသူများ၏လုပ်ငန်းကျင့်ဂတ်

(ဃ) ကလေးသူငယ်အလုပ်ခိုင်းစေမှု

- ဂန်ထမ်းများနှင့်လူ့အခွင့်အရေးမူဂါဒ- ကလေးသူငယ်အလုပ်သမား
- ထုတ်လုပ်ပံ့ပိုးသူများ၏လုပ်ငန်းကျင့်ဂတ်

(င) အတင်းအဓမ္မအလုပ်ခိုင်းစေမှု

- ဂန်ထမ်းများနှင့်လူ့အခွင့်အရေးမူဂါဒ- အဓမ္မခိုင်းစေခြင်း စာပိုဒ်
- ထုတ်လုပ်ပံ့ပိုးသူများ၏လုပ်ငန်းကျင့်ဂတ်

(စ) ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး (ကျား-မ၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသား စသည်ဖြင့်)

- ဂန်ထမ်းများနှင့်လူ့အခွင့်အရေးမူဂါဒ- ခွဲခြားဆက်ဆံမှုကင်းရေး စာပိုဒ်
- ထုတ်လုပ်ပံ့ပိုးသူများ၏လုပ်ငန်းကျင့်ဂတ်

(ဆ) သဘာဂပတ်ဂန်းကျင်ဆိုင်ရာ

- သဘာဂပတ်ဂန်းကျင်ဆိုင်ရာမူဂါဒ
- စွမ်းအင်မူဂါဒ
- ရေအရင်းအမြစ်မူဂါဒ
- ကမ္ဘာလုံးချီဖြန့်ဂေမှုမူဂါဒ
- ကမ္ဘာချီထုတ်ပိုးမှုမူဂါဒ
- ထုတ်လုပ်ပံ့ပိုးသူများ၏လုပ်ငန်းကျင့်ဂတ်

(၉) မြေယာအခွင့်အရေး

- စက်ရုံတည်ဆောက်သည့်နေရာအတွင်းရှိ မြေယာမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ဆောင်ရွက် နိုင်ငံအတွင်းနှင့်နိုင်ငံတကာရှေ့နေများဖြင့်လေးလေးနက်နက် ဆောင်ရွက်လျက်ရှိသည်။

(၁၀) ပြန်လည်နေရာချထားရေး